# သန့်ရှင်းသောဝိညာဉ်တော်ကိုလေ့လာခြင်း

# A Theology of the Holy Spirit

ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်စေရေးကို ကျွန်တော်တို့လုပ်ဆောင်နေစဉ် လွန်ခဲ့သောနှစ်များမှ စ၍ (Pentecostal / Charismatics) ပင်တေကုတ္တေ အသင်းတော်နှင့် ဝိညာဉ်ဆုကျေးဇူးများကို အဓိက ထားသော အသင်းတော်တို့သည် အမှုတော်လုပ်ငန်းတွင် ပိုမိုပါဝင်လာကြသည်ကို တွေ့ရှိရပါသည်။ သူတို့သည် ဘုရားသခင်အတွက် လုပ်ဆောင်ရန် စိတ်ဆန္ဒပြင်းပြစွာရှိနေသည်ကို ကျွန်တော်တို့ မငြင်းနိုင်ပါ။ ယင်းတို့ထဲမှ တချို့သောသူတို့သည် ကျွန်တော်တို့ကို လက်ညှိုးထိုးပြီ **ခင်ဗျားတို့မှာ ဝိညာဉ်တော် မရှိဘူး**ဟုဆိုပါသည်။ တချို့က ကျွန်တော်တို့တွင် ပြည့်စုံသော **ဧဝံဂေလိတရားမရှိ**ဟု ဆိုပါသည်။ ထို့ပြင် သူတို့အချင်းချင်းပင် ဝိညာဉ်ဆုကျေးဇူးရသူနှင့် မရသူခွဲခြားပြီး ဆုကျေးဇူးမရသူကို **ဒုတိယတန်းစား ခရစ်ယာန်**ဟုသတ်မှတ် ကြပါသည်။ စာစောင်တစ်ခုတွင် **pent & char** အသင်းတော်သမိုင်းနှင့် နှုတ်ကပတ်တော်ကို မည်သို့ခံယူ လုပ်ဆောင်နေသည်ကို ဖော်ပြလိုပါသည်။ **ယင်းတွင် ကျွန်တော်တို့တိုင်းပြည်နှင့်အခြားနေရာများတွင် ကျယ်ပြန့်သော ဘာသာရေးလှုပ်ရှားမှုများ ပေါ်ထွန်းလျက်ရှိရာမှ ဝိညာဉ်တော်နှင့် စပ်လျဉ်း၍ အထူးဦးစားပေး လုပ်ဆောင်နေသော အနေအထားကို တွေ့ရှိလာရပါသည်။ တမန်တော်ခေတ်တွင် အသင်းတော်သို့ သွန်းလောင်းခဲ့သော သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးကဲ့သို့ ဟန်ဆောင်လုပ်ဆောင်နေမှုသည် များစွာ များပြားလာနေပါသည်။**

ရှင်ယောဟန် ခရစ်ဝင် အခန်း ၁၄ မှ ၁၆ ထိ ကိုးကားချက် (၅) ခု

**အခန်း (၁)**

သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်များကို မှန်ကန်စွာနားလည်နိုင်ရန် ကျွန်တော်တို့ ကိုယ်တော်၏နှုတ်ကပါတ်တော်၌ မည်သို့ဖော်ပြထားသည်ကို လေ့လာမှသိရှိနိုင်ပါမည်။ သခင်ဘုရားသည် ယင်းစကားများကို **Maundy Thursday** ဟုခေါ်သော ကားတိုင်မတင်ခံမှီည ကြာသာပတေးညတွင် မိန့်ဆိုခဲ့ပါသည်။ ယင်းမိန့်ဆိုချက်သည် ဓမ္မသစ်ကျမ်းတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပါတ်သက်၍ အထူးဖော်ပြချက်များဖြစ်ပြီး သခင်ယေရှု၏ ကတိတော်လည်းဖြစ်ပါသည်။

ဤမိန်မှာချက်ကို အထက်ခန်းရှိစားပွဲပေါ်တွင် ထိုင်[illegible]က်ပြောပြီးနောက် ထွက်ခွာခဲ့ပါသည်။

**"ဤအရပ်မှထ၍သွားကြကုန်အံ့"** ယော ၁၄ : ၃၁

ယော ၁၄ : ၁၅ – ၁၇ "ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို **စောင့်ရှောက်ကြလော့။** ငါသည်

ခမည်းတော် ကိုတောင်း၍ ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပဖ္စာယ် ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှာ သင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူတည်နေ၍ သင်တို့၌ရှိတော်မူသောကြောင့် သင်တို့သိကြရ၏။ သခင်ဘုရားသည် မိန့်မှာချက်ကို (ပညတ်တော်)နှင့် စတင်ရည်ညွှန်းခဲ့ပါသည်။ ယင်းနှုတ်ကပါတ်တော် အတိုင်းပင် သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ဓါးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ ဝိညာဉ်တော်သည် ဦးဆောင်သူ (သို့) အကျိုးဆောင် သူအဖြစ် နှုတ်ကပတ်တော်အတွက် ဆောင်ရွက်ပါသည်။ ဦးဆောင်သူ (သို့) အကျိုးဆောင်သူ ဆိုသည်မှာ တစ်စုံတစ်ဦးသည် သင့်ကိုသူ့အနားသို့ခေါ်ယူပြီး ပြောဆိုသွန်သင်လမ်းပြ ပေးသောသူဟု အနက်ရပါသည်။ ဝိညာဉ်တော်၏အမှန်တရားကို နှုတ်ကပတ်တော်အားဖြင့် သင့်ကိုရှင်းလင်းစွာ သိနိုင်ရန် ဖော်ပြပေးပါမည်။ **"ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူတည်နေ၍ သင်တို့၌ရှိတော်မူသောကြောင့် ....."** ဤစကားစုအရ ကိုယ်တော်၏ဝိညာဉ်တော်သည် ကျွန်တော်တို့၏ဝိညာဉ်နှင့်အတူ လုပ်ဆောင်နေသည်ကို သတိရစေပါသည်။ ထို့ပြင် ဝိညာဉ်တော်သည် ကျွန်တော်တို့နှင့်ထာဝရတည်ရှိနေမည်ဖြစ်သည်ကိုလည်း မှတ်သားစေပါသည်။ ဤအချက်ကို ဝေဖလီအပြည့်ရှိသူနှင့် အခြားသူကို ခွဲခြားတတ်သောသူများလက်ခံရန် အလွန်ပင်ခက်ခဲလှပါသည်။ **ယုံကြည်ခြင်းသည် အားနည်းတတ်ပါသော်လည်း ဒုတိယတန်းစား ခရစ်ယာန်သို့ မဆင်းသက်နိုင်ပါ။** ကယ်တင်ခြင်းပေးသော ယုံကြည်ခြင်းသည် ဝိညာဉ်တော်မှ **ဖန်တီးအားပေးခြင်း** ရရှိပါသည်။ ဤသင်ခန်းစာ (၅) ခုထဲမှ **ပထမအခန်းတွင်** သန့်ရှင်းသော ဝိညာဉ်တော်သည် နှုတ်ကပတ်တော် နှင့်အတူ ယုံကြည်သူအပေါ် အလုပ်လုပ်ခြင်းကို ဖော်ပြထားပါသည်။ ဝိညာဉ်ဆုကျေးဇူး နိမိတ်လက္ခဏာများကို အထူးတင်စားဖော်ပြထားခြင်းမရှိသကဲ့သို့ နောက်ပိုင်းပြုလုပ်ခဲ့သော အံ့ဖွယ်ရာများကိုလည်း ဖော်ပြထားခြင်း မရှိပါ။

ယော ၁၄ း ၂၆ **ခမည်းတော်သည် ငါ့အတွက်ကြောင့်စေလွှတ်တော်မူသော ဥပဖ္စာယ်ဆရာ တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အားခပ်သိမ်းသောအရာတို့ကို ပြသွန်သင်တော်မူ၍ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသော ဉာဏ်ကိုသင်တို့အား ပေးတော်မူမည်။** သခင်ယေရှု မိန့်ဆိုချက်မှာ ယုံကြည်သူများ သွန်သင်ခံရမည်ဟုဆိုခြင်းဖြစ်သည်။ သခင်ဘုရား၏အမှန်တရားသည် ဖြောင့်မတ် မှန်ကန်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်တော်တို့အား သူထံခေါ်ယူ၍ ဝိညာဉ်ဆုကျေးဇူး နိမိတ် လက္ခဏာများကို မျှဝေပေးမည်ဟု ကတိပေးခဲ့ခြင်းမျိုးမရှိပါ။ ဘုရားသခင်သည် အလုံးစုံကို တတ်နိုင်တော် မူပါသည်။ သို့သော်ဤနေရာတွင် မည်သည့်ကတိမှ ပေးခဲ့ခြင်းမရှိပါ။ နိမိတ်လက္ခဏာဆုကျေးအတွက် ကတိပေးခဲ့ပါသည်ဟု ယုံကြည်လက်ခံသူများသည်

ယော ၁၄ း ၁၂ ကို ညွှန်ပြပါလိမ့်မည်။ **"ငါ အမှန်အကန် ဆိုသည်ကား ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကိုပြုလိမ့်မည်။ ထိုအမှုတို့ထက် သာ၍ကြီးသော အမှုတို့ကိုလည်းပြုလိမ့်မည်"** ဟု သခင်ဘုရားမိန့်တော်မူခဲ့ပါသည်။

## အခန်း (၂)

ယနေ့တိုင် သခင်ယေရှုပြုခဲ့သော ကြီးမားအံ့ဩဖွယ် နိမိတ်လက္ခဏာကဲ့သို့ မည်သူမှ မပြုလုပ်နိုင်သေးပါ။ ထို့ကြောင့် ဤကျမ်းပိုဒ်သည် အမှတ်လက္ခဏာများ၊ အံ့ဖွယ်ပြုမှုချက်များနှင့် နိမိတ်များကို ရည်ညွှန်းခြင်းမပြုပါပဲ နှုတ်ကပတ်တော်ဟောကြားခြင်းကိုသာ ညွှန်ပြခြင်းဖြစ်ပါသည်။ သခင်ယေရှု သွားလာခဲ့သော နေရာများသည် လွန်စွာကျယ်ဝန်းခဲ့ပါသည်။ သခင်ယေရှု သုံးနှစ်တာတရားဟောခဲ့သော နေရာများသည် အခြားသူများအတွက် လွန်စွာမှ မတတ်နိုင်သော နယ်မြေအကျယ်အဝန်းဖြစ်ပါသည်။ ရန်သူ့ထံအပ်နှံခြင်းခံရသောညှ် သခင်ယေရှု မိန့်ဆိုခဲ့သော **"ကြီးသောအမှု"** ဆိုသည်မှာ ဤသည်ပင်ဖြစ်ပါသည်။

**ယော ၁၅ း ၂၆ ခမည်းတော်ထံမှ ထွက်လာ၍ သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ်တော်** တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ္တံ့သော ဥပဒေ္ဒသျှာယ်ဆရာသည် ရောက်လာသောအခါ၊ ငါ၏အကြောင်းကို သက်သေခံလိမ့်မည်။ ဝိညာဉ်တော်သည် မည်ကဲ့သို့ သက်သေခံမည်နည်း။ လက္ခဏာများ၊ အံ့ဘွယ်များနှင့် နိမိတ်များဖြင့် သက်သေခံမည်လား။ မဟုတ်ပါ။ **သခင်ယေရှုကို ကိုယ်တိုင်သိရှိတွေ့မြင် ခဲ့သောသူများ၏ သက်သေခံချက်များအားဖြင့် ကြားနာသူများ ယုံကြည်လာကြမည်ဖြစ်ပါသည်။**

နှုတ်ကပတ်တော်ဆီသို့သာ ပြန်ဦးတည်ပါမည်။ **နှုတ်ကပတ်တော်သည် အသက်ရှိပြီး ရှင်သန်** ပါသည်။ အဘယ်ကြောင့်ဆိုသည် သန့်ရှင်းသောဝိညာဉ်တော်သည် **နှုတ်ကပတ်တော်မှ** ဖြစ်ပွား လာသောကြောင့် ဖြစ်ပါသည်။ **နှုတ်ကပတ်တော်သည် တစ်ဖန် ကျွန်တော်တို့ကို ဝိညာဉ်တော်၏ လုပ်ရပ်** ဖြစ်သော **ခွန်အားပေးခြင်း၊ ဆုံးမသွန်သင်ခြင်းနှင့် နှစ်သိမ့်ခြင်းတို့ကို သတိရစေပါသည်။** ဤသည်များ သည် ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် တည်ရှိသောအရာများဖြစ်ပါသည်။ **ကျွန်တော်တို့၏ နှစ်သိမ့် သက်သာခြင်းတို့သည် ထင်ပေါင်ထင်မှားနိမိတ်လက္ခဏာမှလာခြင်းမဟုတ်ပါ။ အကယ်၍ ကျွန်တော်တို့** သည် နိမိတ်လက္ခဏာ (သို့) အံ့ဘွယ်သောအမှုတို့ကို မပြုလုပ်နိုင်ပါက ကျွန်တော်တို့၏ခွန်အား မည်သို့ရမည်နည်းဟုမေးနိုင်ပါသည်။ နှုတ်ကပတ်တော် ထဲမှ ရနိုင်ပါသည်။ **"ဤစာစောင်၏ အနာဂတ္တိစကား(ရတနာ) ကို စောင့်ရှောက်သောသူသည် မင်္ဂလာရှိ၏။"**

ယော ၁၆ း ၇ - ၁၁။ ငါအမှန်အကန်ဆိုကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား ငါမသွားလျှင် ဥပဇ္ဈာယ်ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင်ထိုသူသည် သင်တို့ဆီသို့ ငါစေလွှတ်မည်။ ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင် ဒုစရိုက်အပြစ်ကို လည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း အပြစ်ကင်းခြင်းကိုလည်းကောင်း လောကီသား တို့အား ထင်ရှားစွာဖော်ပြမည်။ ငါ့ကိုမယုံကြည်ကြသောကြောင့် ဒုစရိုက်အပြစ်ကိုဖော်ပြမည်။ ငါသည် ခမည်းတော်ထံသို့သွားမည်ဖြစ်၍ သင်တို့သည် နောက်တဖန်ငါ့ကိုမတွေ့မမြင် ရသောကြောင့် အပြစ်ကင်းခြင်းကိုဖော်ပြမည်။ ဤလောကကို အစိုးရသောမင်းသည် အပြစ်စီရင်ခြင်းကို ခံရသော ကြောင့် အပြစ်စီရင်ခြင်းကို ဖော်ပြမည်။

နိမိတ်လက္ခဏာအားဖြင့် မည်သူမျှ အပြစ်စီရင်ခြင်းမှ မလွတ်နိုင်ပါ။ နှုတ်ကပတ်တော်အားဖြင့်သာ အပြစ်လွတ်ခွင့်ရရှိပါသည်။ " ...... ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်း သည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ်၏။" ရောမ ၁၀ း ၁၇

ကျောက်တုံးနှလုံးသားပိုင်ဆိုင်သော မယုံကြည်နိုင်သူများကိုလည်း သန့်ရှင်းသော ဝိညာဉ်တော်သည် တန်ခိုးအလုံးစုံကိုပိုင်တော်မူသော နှုတ်ကပတ်တော်အားဖြင့် အရည်ပျော်စေပါသည်။ ယနေ့မှတ်သား ထားသင့်သည့် အချက်တစ်ခုမှာ ကမ္ဘာပေါ်ရှိ သာသနာပြုရပ်ဝန်းများတွင် Pent & Char အသင်းတော် တို့သည် အမှတ်လက္ခဏာများ၊ အံ့ဘွယ်သော အမှုများနှင့် နိမိတ်များဖြင့် တန်ခိုးကိုပြလျက် ဟောပြောလျက် ရှိနေပါသည်။ မေးခွန်းထုတ်စရာဖြစ်နေပါသည်။ အဆိုးဆုံးသော လိမ်ညာမှုတစ်ခုသာဖြစ်သည်။ အဘယ့်ကြောင့် ရိုးရှင်းစွာဖြင့် "သခင်ခရစ်တော်အကြောင်းကို မဟောကြသနည်း။ အံ့ဘွယ်သော အရာများကို ပြုလုပ်တတ်သော စာတန်၏တန်ခိုးကို လျော့မတွက်သင့်ပါ။

ယော ၁၆ း ၁၃ - ၁၄ သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြော လိမ့်မည်။ နောက်လာလတ္တံ့သောအရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်။ ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ အကြောင်းမူကား ငါနှင့် စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖော်ပြလိမ့်မည်။

ဝိညာဉ်တော်သည် အမှန်တရားကို ကျွန်တော်တို့အား ရှင်းလင်းစွာဖော်ပြပေးပါလိမ့်မည်။ ထိုသို့ ရှင်းလင်းရာတွင် နိမိတ်လက္ခဏာဟုထင်ရသော အရာများဖြင့် မဟုတ်သကဲ့သို့ အံ့ဘွယ်ပြုမှုချက်များ အားဖြင့်လည်း မဟုတ်ပါ။ နှုတ်ကပတ်တော်ကို ပြောဆိုခြင်း(ဟောပြောခြင်း)ဖြင့်သာ ဖော်ပြပေးပါမည်။ ကျွန်တော်တို့သည် နှုတ်ကပတ်တော်တို့ကို ဟောပြောရသော ဘုရားသခင်၏ နှုတ်များဖြစ်ကြသည်။

ကျွန်တော်တို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြောဆိုခြင်းမပြုသည့်တိုင် ဖတ်ရှုရုံဖြင့် များစွာသော သက်ရောက်မှုများရရှိပါမည်။ အဘယ်ကြောင့်ဆိုသော် ဤသည်ကား ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်သောကြောင့်တည်း။ ပြောဆိုခြင်း ဟု သုံးနှုန်းရခြင်းမှာ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်တော်တို့၏ ကယ်တင်ခြင်းအတွက် ဗဟိုချက်ဖြစ်နေခြင်းကို သတိရစေရန်ဖြစ်ပါသည်။

ကျွန်တော်တို့ကို ဤအခန်း (၅) ခန်းကို လေ့လာနေစဉ် ဘုရားသခင်၏ကြီးမြတ်သော ကတိတော်များ သည် အနာရောဂါငြိမ်းစေခြင်း၊ အခြားဘာသာစကားပြောခြင်း၊ နတ်ဆိုးများနှင်ထုတ်ခြင်းနှင့် အံ့ဖွယ်နိမိတ် လက္ခဏာများမဟုတ်သည်ကို သိရှိလာပါသည်။ ကြီးမားသော ကတိတော်မှာ ဝိညာဉ်တော်သည် ကယ်တင် နိုင်သော ယုံကြည်ခြင်းကို ဖန်တီးပေးခြင်းနှင့် ခွန်အားပေးခြင်းပင်ဖြစ်သည်။ လေ့လာမိသလောက်ဆိုရလျှင် **Pent / Char** အသင်းတော်တို့သည် နှုတ်ကပတ်တော်တစ်ခုတည်းနှင့် မလုံလောက်ဟုထင်မှတ်ပြီး နိမိတ် လက္ခဏာများကို ထည့်သွင်းနေကြခြင်းဖြစ်မည်ဟု ထင်ပါသည်။ နှုတ်ကပတ်တော်သည် လုံလောက်ပါရဲ့လား ဟု မေးစရာရှိပါသည်။ နှုတ်ကပတ်တော်သည် လုံလောက်ရုံသာမကပဲ ပိုလျှံနေပါ သည်။

## အခန်း (၃)

ရှင်းလင်းစွာဆိုရပါက နိမိတ်လက္ခဏာမရှိလျှင် ယုံကြည်ခြင်းမရှိဟုဆိုခြင်းသည် မှားယွင်းပါသည်။ နိမိတ်လက္ခဏာမရှိသော ယုံကြည်ခြင်းသည် ဒုတိယတန်းစားဖြစ်နေပြီလား။ ယနေ့ခရစ်ယာန်ဖြစ်ကြောင်း အမှတ်များအံ့ဘွယ်ရာများနှင့် နိမိတ်လက္ခဏာများဖြင့် သက်သေပြရန်လိုအပ်ပါသလား။ ခရစ်ယာန် ယုံကြည်ခြင်းကို နှလုံးသားထဲရှိ နှုတ်ကပတ်တော်ဖြင့်သာ သက်သေထူနိုင်ပါသည်။ နိမိတ်လက္ခဏာများ အမှတ်များနှင့် အံ့ဖွယ်ရာများတို့သည် နှုတ်ကပတ်တော်ကို ညွှန်ပြလျှက် ဤသည်ကား ဘုရားမှပေးအပ်သော နှုတ်ကပါတ်တော်ဖြစ်ကြောင်း သက်သေခံကြပါသည်။ မာကု ၁၆ : ၂၀ တွင် ဝိညာဉ်တော်သည် ရှင်းလင်း ပေးပြီး သခင်ဘုရားသည် **" ...... သူတို့၌ဖြစ်သော နိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ်တော် တရားတော်ကို တည်စေတော်မူသည်နှင့် .......** ဟူ၍ ဖော်ပြထားပါသည်။ **ဟေဗြဲ ၂ : ၄** တွင် သန့်ရှင်းသောဝိညာဉ်တော် မြွက်ဆိုသည်မှာ **"ဘုရားသခင်သည် ပါဝင်သက်သေခံသည်"** ဟု ဆိုပါသည်။ **" ....... နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုအားဖြင့်လည်းကောင်း၊ ထူးဆန်းသောတန်ခိုး အထူးထူး အပြားပြားဖြင့်လည်းကောင်း သန့်ရှင်းသောဝိညာဉ်တော်သည် မိမိအလိုတော်အတိုင်း ဝေငှာသော ဆုကျေးဇူးအားဖြင့်လည်းကောင်း သက်သေခံတော်မူပြီ။"**

အထက်ပါကျမ်းချက် (၂)ခုလုံးတွင် နှုတ်ကပတ်တော်ကို ပေးအပ်ထားကြောင်း ဘုရားသခင်အတည်ပြု သက်သေခံထားပါသည်။ ယခုအခါ နိမိတ်လက္ခဏာအားဖြင့် ပေးအပ်ထားသော ပြီးပြည့်စုံသော သမ္မာကျမ်းစာ ကို ကျွန်တော်တို့ ရရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ပြီးပြည့်စုံသော သမ္မာကျမ်းစာကို ကျွန်တော်တို့ ရရှိပိုင်ဆိုင်ထားပြီးဖြစ်ရာ ဤအတွက် ဆက်လက်နိမိတ်လက္ခဏာများ မလိုအပ်တော့ပါ။

နှုတ်ကပတ်တော်ဖြစ်သော ဝိညာဉ်တော်သည် **နှုတ်ကပတ်တော်၏ ဗဟိုတွင်တည်ရှိသည်။**

အောက်ဖော်ပြပါကျမ်းပိုဒ်များတွင် အထူးပြုသောစကားများသည် နှုတ်ကပတ်တော်သာ ဗဟိုချက်ဖြစ်ကြောင်း ထုတ်နှုတ်ပေးထားပါသည်။

ယော ၁၄ း ၁၅ ပညတ်တော်များ၊ ၁၇–အမှန်တရား

၁၄ း ၂၄ ငါ၏နှုတ်ကပတ်တော်

၁၄ း ၂၆ အလုံးစုံကိုသွန်သင်ပါ ... ငါပြောသမျှမှတ်မိစေရန်ပြုလုပ်ပါ။

၁၅ း ၁၀ ငါ၏ပညတ်တော်များ ၁၂–ငါ့ပညတ် ... ချစ်ခြင်းမေတ္တာ ၂၀– နှုတ်ကပတ်တော်

၁၅ း ၂၆ အမှန်တရား ... ပါဝင်သက်သေခံ

၁၆ း ၈ အပြစ်ကိုဖော်ပြ ... ဖြောင့်မတ်ခြင်း ... စီရင်ခြင်း

၁၆ း ၁၃ အမှန်တရား ... ပြောဆို ... ကြေငြာ / ရှင်းလင်း

**Maundy Thursday** ဟုခေါ်သော ကိုယ်တော်ကို ရန်သူထံအပ်နှံခြင်းခံရသော ညချမ်းအချိန်တွင် မိန့်တော်မူသမျှသည် နှုတ်ကပတ်တော်အကြောင်းသာဖြစ်ကြောင်း ကျွန်ုပ်တို့ အာရုံပြုလေ့လာခဲ့ပါသည်။ ဤနှုတ်ကပတ်တော်သည်သာ တမန်တော်တို့၏အမှောင်နေ့ရက်များတွင် ခွန်အားတရပ်ဖြစ်ခဲ့ပြီး အမှတ်လက္ခဏာများမဟုတ်ခဲ့ပါ။ နှုတ်ကပတ်တော်သည်သာ တမန်တော်တို့၏ ယုံကြည်ခြင်းကို မြှင့်တင်နိုင်ခဲ့စေသည်သာမက တရားစီရင်ခံရသောအခါ ရှင်လန်းဝမ်းမြောက်ခြင်းကိုပါ ပေးခဲ့ပါသည်။ နိမိတ်လက္ခဏာများမဟုတ်ပါ။ သူတို့သည် ဝိညာဉ်တော်၏တန်ခိုးဖြင့် မိန့်တော်မူချက်များကို သတိရခြင်းနှင့် ယုံကြည်ခြင်း၌ မြဲမြံခဲ့ကြပါသည်။ နိမိတ်လက္ခဏာကြောင့်မဟုတ်ပါ။ နှုတ်ကပတ်တော်၊ နှုတ်ကပတ်တော်၊ နှုတ်ကပတ်တော်သာလျှင်ဖြစ်ပါသည်။ ယနေ့လည်း ထို့အတူခြားနားမှုမရှိပါ။

သခင်ယေရှုသည် ရန်သူလက်သို့အပ်နှံခြင်းခံရသော ညနေတွင် **ယော အခန်းကြီး ၁၄ – ၁၆** ပါ အရာများကို ကုန်စင်အောင် ဟောကြားပြီးနောက် ကိုယ်တော်ကို ရှာသောရန်သူတို့သည် နောက်သို့လှန်၍ မြေပေါ်လဲကြ၏။ **ယော ၁၈ း ၆။** မာလခု၏ ပြတ်သွားသောနားရွက်ကောင်းသွားသည်။ လုကာ ၂၂း၅၁ ယင်းသည် နောက်ဆုံးတန်ခိုးဖြစ်ခဲ့သော်လည်း ယနေ့ထိ ကျွန်ုပ်တို့၌တည်ရှိစေသည့်အရာမှာ နှုတ်ကပတ်တော်ဖြစ်ပြီး ဝိညာဉ်တော်သည် မှတ်မိသတိရစေရန် မစလျှက်ရှိနေပါသည်။

ကိုယ်တော်၏ ချွေးတို့သည် သွေးစက်အဖြစ် မြေသို့ကျရခြင်းသည် လွန်စွာမှ အံ့ဘွယ်ရာဖြစ်သော်လည်း သာ၍ရင်သပ်ရှုမြင်ဖွယ်ကောင်းသောအရာမှာ **"ကျွန်ုပ်အလိုအတိုင်းမဖြစ်ပါစေနှင့်။"** ဟူသော ဂေသရေမန် ဥယျာဉ်ထဲမှ ကိုယ်တော်၏ဆုတောင်းချက်ဖြစ်ပါသည်။ သောကြာကြီးနေ့ (၃)ချက်တီးအချိန်

အမှောင်လွှမ်းခြင်း လုကာ ၂၃ း ၄၄ တို့သည် လက်ဝါးကပ်တိုင်ပေါ်မှ စကားတော်ကြီး (၇)ခွန်းလောက် အံ့ဖွယ်မဖြစ်ပါ။ ဗိမာန်တော် ကုလားကာ (၂)ခြမ်းကွဲခြင်း **လုကာ ၂၃ း ၄၅** မြေငလျှင်လှုပ်ခြင်း၊ ကျောက်များကွဲကြေခြင်း မသဲ ၂၇ း ၅ တို့အားလုံးသည် **"အမှုပြီးပြီ"** ဟူသော မိန့်ဆိုချက်ဖြင့် ကယ်တင်ရှင် မေရှိယသည် ကျွန်တော်တို့အတွက် သက်တော်ကိုစွန့်ခဲ့ပါသည်။

## အခန်း (၄)

**Pent / Char အသင်းတော်တို့ အလေးအနက်ပြုသည့်ကိစ္စများကို မှားယွင်းစွာဦးတည်ချဉ်းကပ်ခြင်း။**

ကျွန်တော်တို့သည် Pent / Char အသင်းတော်မဟုတ်သော်လည်း ဘုရားသခင်မှ အသင်းတော်သို့ ပေးအပ်ထားသော ဆုကျေးဇူးများကို ယုံကြည်လက်ခံပါသည်။ (**Charisma** – ဆိုသည်မှာ ဂရိစကားဖြစ်ပြီး အဓိပ္ပာယ်မှာ ကျေးဇူးဖြစ်ပါသည်။)

ယနေ့တိုင်အဓိကဆုကျေးဇူးများတို့သည် တည်ရှိနေပါသည်။ ကျွန်တော်တို့ ရိုးသားစွာစိတ်ဆန္ဒဖြင့် ၁ ကော ၁၂ း ၃၁ ကို ခံယူပါသည်။ **၁ ကော ၁၂ း ၂၈** တွင် ရှင်ပေါလုသည် ဆုကျေးဇူးများကို အဓိကနှင့် သာမန်ဟူ၍ စီစဉ်ထားရှိပါသည်။ ပထမ – **တမန်တော်**, ဒုတိယ – **ပရောဖက်** (တရားဟော ဆရာ), တတိယ – **ဓမ္မဆရာ**။

ဤဆုကျေးဇူးများတို့သည် နှုတ်ကပတ်တော်နှင့် ဟောပြောခြင်းတို့တွင် ပါဝင်နေပါသည်။ ကောရိန္သု အသင်းတော်တွင် ရှုပ်ထွေးမှုများကြောင့် ရှင်ပေါလုသည် အသင်းတော်သည် **တည်ဆောက်ခြင်းနှင့် သင်ကြားခြင်း**ပြုရမည်ဟု ညွှန်ပြခဲ့ပါသည်။ ၁ ကော ၁၄ း ၅ အသင်းတော်ကို ဟောပြောခြင်းအားဖြင့် တည်ဆောက်ရပါမည်။ (ပရောဖက်ပြုခြင်းဆိုသည်မှာ ဘုရားသခင်၏သတင်းစကားကိုဝေငှခြင်းဖြစ်ပါသည်။) ရှင်ပေါလုသည် အခန်းငယ် (၄)တွင် ပရောဖက်ပြုကြရန် တိုက်တွန်းပြီး အခန်းငယ် (၅)တွင် ပိုမို၍ ပရောဖက်ပြုကြရန် တိုက်တွန်းခဲ့ပါသည်။ ဆိုလိုသည်မှာ နှုတ်ကပတ်တော်ကို ပိုမိုအဓိကထားရန်ဖြစ်ပါသည်။ **အခန်းကြီး (၁၄) အစတွင် ချစ်ခြင်းမေတ္တာကိုမှီအောင်လိုက်ကြလော့။ ဝိညာဉ်ဆုကျေးဇူးတို့ကို အလွန်အလိုရှိသည့်တွင် ပရောဖက်ပြုရသော အခွင့်ကိုသာ၍ လိုချင်သောစိတ်ရှိကြလော့။"** ဤအခန်းကြီးတွင် အဓိကအလေးအနက် ထားသောအရာကို ဖယ်ထုတ်ထားခြင်းမရှိပါ။ ထိုအချိန်ကာလတွင် အခြားသော ဘာသာစကားပြောခြင်း များသည် နားလည်သောစကားများဖြင့် ပြောခြင်းဖြစ်ပါသည်။ **၁ ကော ၁၄ း ၉ ပရောဖက်ပြုသူများသည် တည်ဆောက်ခြင်း၊ တိုက်တွန်း သွေးဆောင်ခြင်း၊ သက်သာခြင်း အလို့ငှာဟောပြောကြ၏" ၁ ကော ၁၄ း ၃** ဤအရာအားလုံးတို့သည် နှုတ်ကပတ်တော် မှ ဆင်းသက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တော်တို့သည် Pent/ Char အသင်းတော်မှ မဟုတ်သော်လည်း ပင်တေကုတ္တေနေ့တွင်ဖြစ်သော အံ့ဖွယ်နိမိတ်လက္ခဏာကို ယုံကြည်ပါသည်။ မီးတောက်မီးလျှံများ လေပြင်းများနှင့် အခြားသော ဘာသာစကား ပြောခြင်းများသည် အနန္တတန်ခိုးရှင် ဘုရားသခင်၏လုပ်ဆောင်ချက်များသာ ဖြစ်ပါသည်။ မှတ်သားရန်မှာ လာရောက်သော လူအားလုံးတို့သည် မိမိတို့ကိုယ်ပိုင်ဘာသာစကားအားဖြင့် သတင်းစကားကိုကြားခဲ့ရခြင်းမှာ တန်ခိုးရှင် ဘုရားသခင်၏အံ့ဖွယ်သောလုပ်ဆောင်မှုဖြစ်ပါသည်။ ဧဝံဂေလိတရားကို ကမ္ဘာအရပ်ရပ်သို့ သယ်ဆောင်သွားရန်နှင့် ကြားနာသူတို့ကယ်တင်ခြင်းရရှိစေရန် တရားတော်ကို မိမိတို့ကိုယ်ပိုင် ဘာသာစကားဖြင့် ကြားရခြင်းသည် ဘုရားသခင်၏ အံ့ဘွယ်လုပ်ဆောင်မှုပင်ဖြစ်ပါသည်။ ကြီးမား ဆန်းကျယ်သော ဘုရားသခင်၏ လုပ်ဆောင်မှုတို့သည် နိမိတ်လက္ခဏာပေါ်မူမတည်ပါ။

သခင်ယေရှု လောကတွင်ရှိနေစဉ် မြောက်မြားစွာသောသူတို့သည် ကိုယ်တော်ပြုတော်မူသော နိမိတ်လက္ခဏာများကို မြင်တွေ့ခဲ့သည့်တိုင် နိမိတ်လက္ခဏာအပေါ် အားထားခြင်းနှင့် နိမိတ်လက္ခဏာကို ရှာဖွေခြင်းများ မပြုလုပ်ရန်သတိပေးထားပါသည်။ မည်သည့်အရာကို အဓိကထားမည်နည်း။ နိမိတ်လက္ခဏာလား (သို့) တန်ခိုးရှိသော နှုတ်ကပတ်တော်လား။ ရှောလမုန်၏ ပညာရှိစကားများနှင့် ယောန၏ ဟောပြောချက်တို့သည် အလေးဂရုပြုနေဆဲဖြစ်ပါသည်။ ဤသည်မှာ နှုတ်ကပတ်တော်ဖြစ်ပါသည်။ သခင်ယေရှုကို နှုတ်ကပတ်တော်ထဲတွင် တွေ့မြင်နိုင်ပါသည်။

မဿဲ ၂၄ း ၃ တွင် တမန်တော်များက သခင်ယေရှုကိုနိမိတ်လက္ခဏာမေးမြန်းခဲ့ပါသည်။ **"ကိုယ်တော်သည် ကြွလာ၍ ဤကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည် အဘယ်နိမိတ်ဖြစ်မည်ကို ...... "** အခန်းငယ် ၄-၁၄ ထိကို သခင်ယေရှုဖြေကြားခဲ့ရာတွင် နိမိတ်လက္ခဏာမပါရှိသော အဖြစ်အပျက်များကိုသာ ဆိုမိန့်ခဲ့ပါသည်။ အဆုံးသည် **"လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတ္တံ့။"**

သခင်ဘုရားသည် ကြီးစွာသောအံ့ဘွယ်များကြောင့် စိတ်ရှုပ်ရမည့်ကိစ္စကို သတိပေးထားပါသည်။ အခန်းငယ် (၂၄) မဿဲ ၇ း ၂၁ - ၂၃ တွင် ကိုယ်တော်၏ နာမကိုသုံး၍ ကြီးစွာသော နိမိတ်လက္ခဏာများကို ပြုခဲ့ကြပါပြီဟု ဆိုကြပါလိမ့်မည်။ ကိုယ်တော်သည် ထိုသူတို့ပြုခဲ့သမျှကို အသိအမှတ်မပြုသောအဖြေကို ပေးခဲ့ပါသည်။

အထူးစိတ်ဝင်စားစရာကောင်းသည့်အရာတစ်ခုမှာ သခင်ယေရှုမတိုင်မီက ပေါ်ထွန်းခဲ့သော ထူးခြားသော တရားဟောဆရာ ဗတ္တိဇံဆရာယောဟန်သည် မည်သည့်နိမိတ်လက္ခဏာမှ မပြုလုပ်ခဲ့ပါ။ **"လူများတို့သည် အထံတော်သို့ ရောက်လာလျှင်၊ ယောဟန်သည် နိမိတ်လက္ခဏာကိုမပြ။ သို့သော်လည်း ဤသူ၏အကြောင်းကို ယောဟန်ပြောသမျှမှန်ပေ၏ဟု ဆိုကြသဖြင့် ထိုအရပ်၌ လူများတို့သည် ကိုယ်တော်ကို ယုံကြည်ကြ၏"** ယော ၁၀ း ၄၁ - ၄၂ ယနေ့ကျွန်တော်တို့ မြင်တွေ့နေရာသည်မှာ

**Pent / Char** အသင်းတော်တို့သည် ဟောပြောခြင်းတွင် နိမိတ်လက္ခဏာကို အင်အားတစ်ခုအဖြစ် ပေါင်းထည့်နေကြပါသည်။ နှုတ်ကပတ်တော်သည် အခြားအင်အားကို အလိုမရှိပါ။ တမန်တော်တို့၏ခေတ်တွင်ပြခဲ့သော အမှတ်လက္ခဏာများနှင့် နိမိတ်လက္ခဏာအံ့ဘွယ်ရာများသည် နှုတ်ကပတ်တော်ကို ညွှန်ပြခဲ့ပါသည်။ ထို့ပြင် ထိုအချိန်က ပေးအပ်ထားသော နှုတ်ကပတ်တော်သည် ဘုရားသခင်ထံမှဖြစ်ကြောင်းကို နိမိတ်လက္ခဏာများဖြင့် သက်သေထူခဲ့ကြ ပါသည်။ ယခုအခါ ကျွန်ုပ်တို့ ထံတွင် ပြည့်စုံလင်သော နှုတ်ကပတ်တော်ရှိနေပြီး ဗတ္တိဇံဆရာယောဟန် ကဲ့သို့လည်း ဟောပြောနေရပြီး ဖြစ်ပါသည်။ ထိုသို့ဟောပြောရာတွင် ဗတ္တိဇံဆရာ ယောဟန်သည် သူ၏ အရည်အချင်းကို အသုံးမပြုခဲ့ပါ။ လူတို့သည် နှုတ်ကပတ်တော်ကို ယုံကြည်ကြပါသည်။

## အခန်း (၅)

ယနေ့သင်ကြားခဲ့သော အကြောင်းအရာနှင့်ပတ်သက်၍ ပိုမိုသိလိုပါက ကျွန်ုပ်တို့ စာစောင် (၃)စောင် ထုတ်ဝေထားပြီးဖြစ်ပါသည်။ **"သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း"** ဟူသော စာစောင်တွင် Pent / Char အသင်းတော်ဖြစ်ပေါ်လာပုံသမိုင်းနှင့် ၎င်းတို့၏မှားယွင်းနေသော အနေအထားကို ဖော်ပြထား ပါသည်။ **"Wheat Vs Chaff"** "ဂျုံစပါးအပြိုင်ဖွဲကြမ်း"။ "အဘယ့်ကြောင့် ကျွန်ုပ်တို့သည် ကယ်ရစ်မက်တစ် မဟုတ်သနည်း" စာစောင်တွင် နှုတ်ကပတ်တော်ဖြင့် နိဂုံးချုပ်ထားပါသည်။ "ကျွန်ုပ်တို့ထံတွင် အမှားအယွင်း လုံးဝကင်းစင်သော နှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာတော်မြတ်ကြီးရှိနေပြီး ဖြစ်ပါသည်။ သမ္မာကျမ်းစာတော်တွင် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် အသက်တာအတွက်သိသင့်သော အရာ အားလုံး ပါဝင်နေပါသည်။ သမ္မာကျမ်းစာတော်သည် လူတို့၏မှားယွင်းသော အကြံပေးများကို တုံ့ပြန်ကာကွယ်ပေးထားပြီး ရှင်းလင်းမှန်ကန်သော ကောင်းကင်ခရီးလမ်းကို ကျွန်ုပ်တို့ကိုယ်စား ခံစားခဲ့ရသော သခင်ခရစ်တော်၏ ဝေဒနာနှင့်သေခြင်းတို့အားဖြင့် လမ်းပြထားပါသည်။ သို့ဖြစ်၍ ဤနှုတ်ကပတ်တော်ကို မြဲမြံစွာဆုပ်ကိုင်လျှက် လိမ်ညာသောဗျာဒိတ်များ၊ အမှတ်လက္ခဏာများနှင့် အံ့ဘွယ်သော အရာများဖြစ်သော ဖွဲ့ကြမ်းကိုငြင်းပယ်ကြပါစို့။ "ဝိညာဉ်များကို စုံစမ်းစစ်ဆေးကြလော့" ဟူသော စာစောင်တွင် **"စစ်မှန်သောတန်ခိုးမှာ နှုတ်ကပတ်တော်သာဖြစ်သည်။"** ဟု ဖော်ပြထားပါသည်။ သခင်ဘုရား၌ ထားရှိသော ကျွန်ုပ်တို့ ၏ ယုံကြည်ခြင်းကိုအားပေးရန်အတွက် ထင်ယောင်ထင်မှား နိမိတ်လက္ခဏာများ မလိုလားအပ်ပါ။ ကျွန်ုပ်တို့ နောက်လိုက်များ၊ တပည့်များရရှိရန် နိမိတ်လက္ခဏာများကို ဖန်တီးရန်မလိုပါ။ လက်ရှိ အချိန်ကာလတွင် မာန်နတ်၏ လိမ်ညာနိုင်သောတန်ခိုးကို ကျွန်ုပ်တို့သိရှိထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့ လိုအပ်သောအရာနှင့် သိလိုသောအရာမှာ နှုတ်ကပတ်တော်သာဖြစ်ပါသည်။

**A Theology of Holy Spirit**

**by**

**Rev. David Koenig**

**Yangon : 2014**